


သိန်းမင်းစာပေ

လုံးချင်းဝတ္ထုသစ်

# မိုးရာလျှန်းဝေ

ငှက်ခါးတစ်ကောင်ရဲ့ အဖြူရောင်နှလုံးသား

ပန်းချီသိန်းရွှေကြည်

၂၀၀၈

# အခန်း (၁)

ဒေါ်ယဉ်မမသည် သူ့ထံသို့ ရောက်ရှိလာသော သနားကမား ရုပ်ရည် သန့်သန့် ချောချောလေး နှင့် မိန်းကလေးကို စေ့စေ့ကြည့်ပြီး သနားစိတ် ဝင်လာပါသည် ။

"အင်း ခက်တာပဲ၊ မမယဉ်မှာ အခန်းလွတ်ဆိုလို့ တစ်ခန်းမှ မရှိဘူး၊ ထွက်မယ့်တစ်ယောက် ကလည်း ရှေ့လကုန်မှ ဆိုတော့ ဘာလုပ်ရမှန်း တောင် မသိပါဘူးကွယ်"

ထိုမိန်းကလေးရဲ့ မျက်နှာက ပြုံကျတော့မည့်မိုးလို ညို့မှိုင်းသွားသ ည် ။

"ငုဝါ အခြားသွားစရာ နေရာလည်း မရှိပါဘူး၊ သွားလည်း မသွားတ တ်လို့ ပါ၊ ငုဝါကို စဉ်းစားပေးပါဦးနော်"

ငုဝါကို ရှေ့ထားပြီး အကျပ်ရိုက်နေစဉ် သူ့ရုံးခန်းရှေ့က ဖြတ်သွား သော အမျိုးသမီးတစ် ယောက်ကို တွေ့လိုက်သည် ။

"ခဏနေဦးနော်"

အပြေးအလွှား တံခါးဝသို့ထွက်ပြီး ဖြတ်သွားသော အမျိုးသမီးကို ခေါ်လိုက်သည် ။

"နေခြည် ... နေခြည်ဦး"

စလင်းဘက်ကိုလွယ်ပြီး ကြော့ကြော့မော့မော့ လျှောက်သွားနေသော မိန်းမပျိုက လှည့်ကြည့် လိုက်သည် ။

"မမယဉ် ဘာကိစ္စရှိလို့ လဲဟင်"

"နေခြည်ရယ် မမယဉ် အကူအညီတစ်ခု တောင်းချင်လို့ ပါ"

"ပြောပါ မမယဉ်၊ နေခြည် ကူညီနိုင်တာကို ကူညီပါ့မယ်"

"တခြားတော့ မဟုတ်ပါဘူးကွယ်၊ မိန်းကလေးတစ်ယောက် နယ်ကနေ ရောက်လာတယ်၊ ဒီအဆောင်ကောင်းတယ်လို့ ညွှန်လိုက်လို့ လေ၊ သူလေးက ရိုးရိုးအအနဲ့ လည်ဝယ်ပုံလည်း မပေါ်ဘူး၊ ခက်တာက အခန်းတွေလည်း ပြည့်နေတယ်"

"ဟုတ်တယ်နော်"

"သန်းသန်းကလည်း ရှေ့လကုန်မှ အဆောင်ကထွက်မှာ လေ၊ သူ့ကို ညီမအခန်းမှာ ခေါ်ထား နိုင်မလားလို့ ပါ"

နေခြည်ဦးက ရုံးခန်းထဲကို လှမ်းကြည့်လိုက်ရာ သူ့ကိုအသနားခံသော မျက်နှာလေးကို တွေ့လိုက်သည် ။ နုနုငယ်ငယ် ချစ်စဖွယ်လေးပါ။

မျက်နှာမြင် ချစ်ခင်ပါစေ၊ အသံကြား သနားပါစေဆိုသော ဆုတောင်းနှင့် ပြည့်စုံသူလေး ထင်ပါသည် ။ သူ့ကိုကြည့်ပြီး နေခြည်ဦးက တွေးသည် ။

"အင်း၊ ကောင်မလေးကို ကြည့်ရတာ ရိုးရိုးသားသားနဲ့ ချစ်စရာလေး ၊ ငါတောင့်တနေတဲ့ တိုးတိုးဖော်တိုင်ပင်ဖက်ကလေးများ ဖြစ်လေမလား "

နေခြည်ဦးက တွေးပြီး လက်ခံချင်စိတ် ပေါက်လာသည် ။

"ကောင်းပါပြီ၊ သူ့အတွက် အခန်းအဆင်မပြေခင် ခေါ်ထားလိုက်ပါ့မယ် မမယဉ်"

လွတ်လွတ်လပ်လပ် နေချင်၍ နှစ်ယောက်ခန်းကို တစ်ယောက်တည်း ယူထားသော နေခြည် ဦးက လိုက်လျောလိုက်သည် ။

"ကျေးဇူးတင်ပါတယ် နေခြည်ရယ်"

နေခြည်ဦးက သူ့စလင်းဘက်အိတ်အတွင်းက အခန်းသော့ကိုထုတ်ပြီး အဆောင်မှူး မမယဉ် လက်ထဲသို့ပေးသည် ။

"နေခြည် အချိန်မရှိတော့လို့ မမယဉ်ပဲ ကြည့်စီစဉ်ပေးလိုက်ပါ"

"ကောင်းပါပြီကွယ်၊ ကျေးဇူးပဲနော်"

နေခြည်ဦးက ငုဝါကို တစ်ချက်ပြုံးပြပြီး သူ့ကို လာကြိုနေသော ကားရှိရာသို့ ထွက်သွားသည် ။

***

"လာ ငုဝါ"

သူ့ရဲ့ လက်ဆွဲအိတ်ကိုဆွဲပြီး သူနေရမည့် အခန်းဆီသို့ ငုဝါ လိုက်ပါလာသည် ။

နှစ်ယောက်ခန်းကို တစ်ယောက်တည်းနေသော နေခြည်ဦး သပ်ရပ်စွာနေသည် ကို မြင်တွေ့ရ သည် ။

"နေခြည်ဦးက သိပ်ကို အနေအထိုင်သပ်ရပ်တယ်၊ ငုဝါလည်း အဲလို သန့်ရှင်း သပ်ရပ်ရမယ် နော်၊ ဒီလိုပြောလို့ စိတ်မဆိုးနဲ့ နော်"

"ဟုတ်ကဲ့၊ ငုဝါလည်း သန့်သန့်ရှင်းရှင်းပဲ နေတတ်ပါတယ်၊ အဲဒီအတွက် စိတ်ချပါ မမရယ်၊ ဘာပြဿနာမှ မဖြစ်စေရပါဘူး"

"ကောင်းပါပြီကွယ်၊ အခုလိုကြားရတာ ဝမ်းသာပါတယ်၊ နှစ်ဦးနှစ်ဖက် အဆင်ပြေတာပေါ့"

ဒေါ်ယဉ်မမက အလုပ်သမား ကိုစံတင်ကို ခိုင်းလိုက်သည် ။

"ငုဝါအတွက် ဟိုဘက်မှာ ခုတင်တစ်လုံးနဲ့ စားပွဲတစ်လုံး ချပေးမယ် "

"ဟုတ်ကဲ့"

အခန်းကို နေရာချပေးပြီး ဒေါ်ယဉ်မမက ငုဝါကို အခန်းပြင်ကိုခေါ်ခဲ့သည် ။

"ဒီအပြင်ဘက်က စင်္ကြံလေးအတိုင်းသွားရင် ရေချိုးခန်း၊ အိမ်သာနဲ့ ညာဘက်မှာ ထမင်း ချက်ခန်း၊ ထမင်းစားခန်းရှိတယ်၊ ကိုယ့်ဘာသာ ချက်စားလို့ လည်း ရတယ်၊ စီစဉ်ပေးဆိုလည်း စီစဉ် ပေးမယ်၊ အရေးအကြီးဆုံးက တစ်ဆောင်တည်းနေကြသူတွေ သင့်မြတ်ဖို့ ၊ တစ်ဦးနဲ့ တစ်ဦး ဝိုင်းဝန်း ဖေးမပြဖို့ ပါပဲကွယ်"

"ဟုတ်ကဲ့ပါ မမ"

"ကဲ ... ငုဝါ လိုတာရှိရင်ပြော၊ ရုံးခန်းမှာ ရုံးချိန်အတွင်း မမရှိတယ်၊ လာလို့ ရတယ်နော်"

"ဟုတ်ကဲ့"

ဒေါ်ယဉ်မမသည် ငုဝါကို နေရာချထားပေးခဲ့ပြီး သူ့ရုံးခန်းဆီသို့ ပြန်လည်ထွက်ခွာသွားသည် ။

ငုဝါလည်း အခန်းတံခါးကိုပိတ်ပြီး အဆောင်ကပေးသော နံရံကပ် ဗီရိုထဲတွင် သူ့အဝတ်အစား နှင့် အသုံးအဆောင်များကို နေရာချထားလိုက်သည် ။

ခရီးပန်းလာ၍ ခဏနားချင်သဖြင့် ကိုယ်လက်ဆေးကြောရန် ရေချိုးခန်းဆီသို့ ထွက်လာခဲ့ သည် ။

ရေချိုးခန်း အဝင်ဝအနားတွင် ရေချိုးပြီး ထွက်လာသော သူနှင့်ရွယ်တူ မိန်းမပျိုတစ်ယောက် နှင့် ဆုံသည် ။

"မင်းက နေခြည်ဦး အခန်းမှာ နေတဲ့ လူသစ်ထင်တယ်"

"ဟုတ်ပါတယ်"

"အခန်းလွတ် မရှိတော့လည်း ဘယ်တတ်နိုင်မလဲ၊ အဲလိုပဲ နေရတာပေါ့၊ ဒါပေမဲ့ သူ့ကို သတိထား၊ သူက နာမည်ပျက်ရှိတယ်"

"ရှင်"

ငုဝါက ဖြူဝိုင်းသော မျက်လုံးလေးနှင့် ထိုအမျိုးသမီးကို ကြည့်လိုက်သည် ။

"တို့ နာမည်က မြမြမူတဲ့ ၊ မင်းတို့ အခန်းရဲ့ မျက်နှာချင်းဆိုင် အခန်းမှာ နေတာ၊ ဒီအဆောင်မှာ နေတာ သုံးလေးနှစ်ရှိပြီ၊ ဒီအဆောင်မှာ ဘယ်သူရိုးတယ်၊ ဘယ်သူလည်တယ်ဆိုတာ အကုန်သိတယ်၊ နေခြည်ဦးက စာရိတ္တမကောင်းဘူး၊ ယောကျ်ားတွေထည်လဲတွဲပြီး ခြူစားနေတဲ့ မိန်းမတစ်ယောက်ပဲ၊ မင်းကြည့်ရတာ သိပ်ရိုးလို့ သတိပေးတာ၊ အ လုပ်သွားရမှာ မို့လို့ နောက်မှ တွေ့ကြမယ်နော်"

"ဟုတ် ... ဟုတ်ကဲ့ရှင်"

ငုဝါလည်း အခန်းထဲပြန်ပြီးနားရင်း နေခြည်ဦးအကြောင်းကို စဉ်းစားလိုက်သည် ။

"ဒုက္ခပါပဲ၊ ရှုပ်ရှုပ်ယှက်ယှက်ဆိုရင် ငါကြောက်တယ်၊ သူ့ပုံစံက သိပ်ကိုစတိုင်မိတယ်၊ အသုံး အဆောင် ပစ္စည်းတွေကလည်း အားလုံးအကောင်းစားချည်းပဲ"

"နှစ်ယောက်ခန်းကို တစ်ယောက်တည်း ပေးနေတယ်ဆိုတော့ သူက ငွေကြေးပြည့်စုံလို့ နေမှာ ပေါ့၊ သူ ဘာအလုပ်လုပ်တာလဲ"

နေခြည်ဦးအကြောင်းကိုတွေးရင်း စိတ်ရှုပ်လာသည် ။

"အို ... ဘာဖြစ်လို့ သူ့အကြောင်း ခေါင်းရှုပ်ခံပြီး ငါတွေးနေတာလဲ၊ သူဘာလုပ်လုပ် ငါနဲ့ မဆိုင်ပါဘူး၊ သူ့အခန်းမှာ ငါ့ကိုပေးနေတာပဲ ကျေးဇူးတင်ရဦးမှာ "

"သူသာလက်မခံရင် ခုလောက်ဆို ငါဘယ်သွားလို့ ဘာလုပ်ရမှန်းတောင် မသိဘူး၊ ရန်ကုန်မှာ လည်း သိကျွမ်းတဲ့ မိတ်ဆွေကမရှိဘူး"

"ဒီအဆောင်တောင် ဒေါ်လေးက စုံစမ်းပြီး လမ်းညွှန်ပေးလိုက်လို့ ရောက်လာတာ၊ ငါ့ဘာသာ ကောင်းအောင်နေရင် ပြီးတာပဲ၊ ကိုယ်ကောင်းရင် ခေါင်းမရှော့ဘူးလေ"

ဖြတ်သန်းခဲ့ရသော သူ့ဘဝအကြောင်းတွေဆီ စိတ်မရောက်သွားအောင် ခေါင်းအုံးအောက်က စိပ်ပုတီးကိုယူပြီး ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာကို အာရုံပြုလိုက်သည် ။

***

# အခန်း (၂)

တံခါးခေါက်သံက အိပ်ပျော်နေသော ငုဝါကို လန့်နိုးစေသည် ။

ငုဝါ ကပျာကယာ အိပ်ရာကနေထပြီး တံခါးဖွင့်လိုက်သည် ။ သူ့အခန်းဖော် နေခြည်ဦးကို လက်ထဲတွင် ကြွပ်ကြွပ်အိတ် တစ်လုံးဆွဲလျက် ရပ်နေသည် ကို တွေ့ရသည် ။

"ဩော်"

"အိပ်ပျော်နေတာလားဟင်"

"ဟုတ်ကဲ့"

"ဆောရီးပဲ"

"ရပါတယ်"

နေခြည်ဦး အခန်းထဲကိုဝင်ရန် ငုဝါက သူ့ကိုယ်ကို တိမ်းပေးလိုက်သည် ။

"နေခြည် ဒီနေ့ခွင့်ယူပြီး သွားစရာကိစ္စရှိလို့ ၊ သွားပြီးပြန်လာခဲ့တာ၊ ဒီမှာ မင်းအတွက် စားစရာ ဝယ်လာတယ်"

"နေပါစေ မနေခြည်ဦးရယ်"

"နေခြည်လို့ ပဲ ခေါ်ပါ၊ မင်း နာမည်ကော"

"ငုဝါဝါပါ၊ ငုဝါလို့ ပဲ အများက ခေါ်ကြပါတယ်"

"ကောင်းပါတယ်၊ ငုဝါ၊ တို့ ဝယ်လာတာတွေ စားနော်"

"နေပါစေရှင်"

"တို့ က ငုဝါကို မြင်မြင်ချင်းခင်တယ်၊ တို့ ခင်တဲ့ လူက တို့ ကို ပြန်ခင်မှ ကြိုက်တယ်"

"ဟုတ်ကဲ့ပါ"

"ငုဝါကို မြင်မြင်ချင်း တို့ ရဲ့ ရင်ထဲက ဆန္ဒတစ်ခု ပြည့်သွားတယ်လို့ ခံစားရတယ်"

"ဘာကိုလဲဟင်"

"တို့ က ခင်မင်ရင်းနှီးပြီး ပွင့်ပွင့်လင်းလင်း ပြောဆိုလို့ ရတဲ့ သူငယ်ချင်းကောင်းတစ်ယောက် ကို လိုချင်နေတာလေ၊ ငုဝါကို မြင်လိုက်ရတော့ ပျော်သွားတယ်"

"ဟုတ်လား"

"ငုဝါ ဘယ်ကနေလာတာလဲ"

အဝတ်အစား မလဲနိုင်သေးဘဲ နေခြည်ဦးက ခုတင်ပေါ် တင်ပါးလွှဲထိုင်ရင်း မေးလိုက်သည် ။

"ငုဝါ ဒိုက်ဦးမြို့အနီးက ရွာတစ်ရွာကပါ၊ အလုပ်လုပ်ချင်လို့ လာတာပါ၊ ငုဝါ ဆယ်တန်း အောင်ပြီး အဝေးသင်တက်နေဆဲပါ"

"သြော်"

"ဂျာနယ်တစ်စောင်မှာ အရောင်းဆိုင်တချို့မှာ အရောင်းစာရေး လိုချင်တယ်ဆိုတာ ဖတ်ရလို့ အရဲစွန့်ပြီး ထွက်လာတာပါ"

"ရန်ကုန်မှာ သိကျွမ်းတဲ့ သူ ရှိလား"

"ဟင့်အင်း"

"မရှိဘဲ ထွက်လာတာ၊ ငုဝါ အတော်သတ္တိရှိတာပဲ"

"ငုဝါ ... ငုဝါ ကြောက်တတ်ပါတယ်၊ ဒီလို အရဲစွန့်ပြီးမှ မလာရင်"

ပြောရင်း ငုဝါရဲ့ ခေါင်းလေး ငုံ့ကျသွားသည် ။ သူ့ပေါင်ပေါ်သို့ မျက်ရည်စတွေ တဖြုတ်ဖြုတ် ပြုတ်ကျလာသည် ကို နေခြည်ဦးက တွေ့လိုက်သည် ။

"ဟယ် ... ငုဝါ၊ ငိုနေတယ် ဟုတ်လား၊ ဘယ်လိုပြဿနာတွေ ကြုံခဲ့ရလို့ လဲ၊ နေခြည် သိလို့ ရ ရင်ပြောပြပါလား"

ငုဝါက ငိုရှိုက်ရင်းကနေ ကံမကောင်းလှသော သူ့ဘဝအကြောင်းများကို ပြောပြလာသည် ။

ငုဝါရဲ့ မုဆိုးမ မိခင်ကြီး ဆုံးပါးသွားသောအခါ ငုဝါက အဒေါ်အိမ်မှ ကပ်နေရပါသည် ။ အဒေါ်ရဲ့ ခင်ပွန်းက လူရှုပ်လူပွေဖြစ်ပြီး ငုဝါကို မျက်စိကျပြီး ဝါးမျိုမည့်ပုံစံတွေပြလာသဖြင့် အဒေါ်က စိတ်ပူပြီး ငုဝါကို သည် လို အိမ်ကထွက်စေလိုက်ခြင်းပါ။

လူကြုံတစ်ယောက်နဲ့ ရန်ကုန်ကိုပို့ပြီး သည် အဆောင်ကို ပို့လိုက်တာပါ။

"ငုဝါကို သနားလိုက်တာ၊ ဘာမှ စိတ်မပူနဲ့ ၊ ဝမ်းလည်း မနည်းနဲ့ ၊ နေခြည် အလုပ်ရှာပေးမယ်၊ နေခြည် အားလုံးကို တာဝန်ယူတယ်၊ မငိုနဲ့နော်၊ တိတ်တော့နော်"

နေခြည်ဦးက ငုဝါရဲ့ ပခုံးလေးကိုဖက်ပြီး မျက်နှာပေါ်က မျက်ရည်စ

တွေကို တစ်ရှူးနှင့် သုတ်ပေးလိုက်သည် ။

ဘယ်ဘဝက ရေစက်ကြောင့် မသိပါ၊ ငုဝါကို မြင်မြင်ချင်း ညီမတစ်ယောက်လို ခင်မိသည် ။

နေခြည်ဦးက အပြောသမားမဟုတ်ပါ။ သူ့စကားအတိုင်း စိတ်ရောကိုယ်ပါ ငုဝါအလုပ်ရဖို့ ဆောင်ရွက်ပေးသည် ။

နေခြည်ဦးရဲ့ ကျေးဇူးကြောင့် စူပါမားကတ်ကြီးတစ်ခုတွင် အရောင်းစာရေးမအလုပ်ကို ရသွား သည် ။

"ငုဝါရေ အလုပ်ရလို့ ပျော်ပြီမဟုတ်လား"

"အရမ်းကျေးဇူးတင်ပါတယ် နေခြည်ရယ်၊ ဒီကျေးဇူးတွေကို ငုဝါ ဘယ်လိုဆပ်ရမှန်းတောင် မသိဘူး"

"မလိုပါဘူး၊ ငုဝါကို နေခြည်က ညီမလေးတစ်ယောက်လို ချစ်တာပါ ၊ မနက်ဖြန်ကစပြီး အလုပ်ဆင်းဖို့ ပြင်ဆင်ပေတော့၊ အလုပြင်တာကြို က်ရင် မှန်တင်ခုံပေါ်က ပစ္စည်းတွေယူသုံးနော်"

"ကျေးဇူးတင်ပါတယ်၊ ငုဝါ အဲဒီပစ္စည်းတွေ မသုံးတတ်ပါဘူး"

"ငုဝါက မပြင်ဆင်ဘဲနဲ့ တောင် လှနေတယ်၊ ဒီလို အပြစ်ကင်းစင်ပြီး ငုဝါမှာ ဆွဲဆောင်မှုတွေ ရှိနေတယ်၊ အဲဒါကို သတိထားရမယ်၊ အထူးသဖြင့် ယောကျ်ားတွေကိုပဲပေါ့၊ လူလည်တွေများ တယ်၊ သူတို့ ဖြားယောင်းမှုအောက်မှာ မနစ်မွန်းသွားဖို့ အရေးကြီးတယ်၊ ငုဝါက စိတ် နုပြီး အတွေ့အကြုံမရှိ တော့ အများကြီး သတိထားရမယ်"

"ဟုတ်ကဲ့ပါ"

"အင်း ပြောရဦးမယ်၊ နေခြည်လို မလည်ဖို့ ပဲ။ ခွေးပါးစပ်က နတ်စ

ကား ထွက်တယ်လို့ များ ငုဝါ ထင်လေမလား မသိဘူး၊ နေခြည်က ကိုယ့်ခံယူချက်နဲ့ ကိုယ်ပါ၊ အသာမစီးရရင် ဘာမှ မလုပ်ဘူး၊ တစ်ယောက်မကောင်းရင် တစ်ယောက်ပြောင်းဖို့ လည်း ဝန်မလေးဘူး၊ အိမ်ထောင်ရေးကို နှလုံးသား နဲ့ မဆုံးဖြတ်ဘူး၊ ဦးနှောက်နဲ့ ပဲ ဆုံးဖြတ်တဲ့ လူပါ၊ ကိုယ့်ကိုယ်ကိုယ်ကိုလည်း အထိအခိုက် အပွန်းအပဲ့ မခံဘူး၊ ဒါတွေ ငုဝါသိအောင် ပြောပြထားတာ"

"အင်း နေခြည် ပြောနေလိုက်တာ ကြောက်စရာကြီး၊ ယောကျ်ားတွေကို ထည်လဲတွဲနေတာ မကြောက်ဘူးလားမသိဘူး၊ သူ့အစား ငါကြောက်လိုက်တာ"

"ဘာတွေတွေးနေလဲ ငုဝါ၊ အဆောင်မှာ ရက်လေးရ လာပြီဆိုတော့ နေခြည်ရဲ့ အတင်းအဖျင်း သတင်းတွေကို ကြားပြီးနေပြီပေ့ါနော်"

ငုဝါက ငြိမ်၍ နားထောင်နေသည် ။

"နေခြည်က ဘယ်သူ့ကိုမှ ဂရုမစိုက်ပါဘူး၊ ကိုယ့်အကြောင်းနဲ့ ကိုယ်ပဲ"

တံခါးခေါက်သံ ကြား၍ မေးလိုက်သည် ။

"ဘယ်သူလဲ"

"မမနေခြည် ... အေးကိုပါ"

အဆောင်မှာ တောက်တိုမယ်ရလုပ်သော ကောင်လေးဖြစ်သည် ။

"အေးကို ဘာလဲ"

"ဧည့်သည် ရောက်နေလို့ "

နေခြည်က ထဘီလေး ပြင်ဝတ်ကာ ဝတ်ထားသော ဘလောက်(စ်)

အင်္ကျီစကို ဆွဲချပြီးနောက် မှန်ထဲတွင် သူ့ကိုယ်ကို လှည့်ပတ်ကြည့်ပြီးမှ အခန်းထဲမှ ထွက်သွားသည်။

ကြော့ရှင်းလှပသော နေခြည်ဦးရဲ့ နောက်ကျောအလှကိုကြည့်ပြီး ငုဝါက သဘောကျနေသည်။

"နေခြည်က တကယ်လှတာပဲ၊ ဒါကြောင့်လည်း သူ့ကို သဘောကျတဲ့ လူတွေ များ တာကိုး"

"ဟင် ... ကိုလွင်"

အလိုမကျသောမျက်နှာနှင့် နေခြည်ဦးက လွင်မောင်မောင်ကို ကြည့်လိုက်သည်။

"ကိုလွင် ဘာလို့ လာတာလဲ"

"အရေးကြီးတဲ့ ကိစ္စရှိလို့ "

"ဘာလဲဟင်"

"တောင်ငူကို ပြန်ရမယ်၊ အဖေက အရေးကြီးလို့ ခေါ်နေတယ်"

"ဒါဆို သွားရမှာ ပေါ့"

"ဟုတ်တယ်၊ ဟိုရောက်ရင် အဖေ့ဆီမှာ နေခြည်နဲ့ လက်ထပ်ဖို့ ခွင့်တောင်းမယ်၊ နေခြည် သဘောတူတယ် မဟုတ်လား"

"ကိုလွင်ရဲ့ အဖေက သဘောတူပါ့မလား"

"တူအောင် ပြောရမှာ ပေါ့၊ ဒီမှာ နေခြည့်အတွက် စားစရာတွေ"

"ဘာလို့ ထပ်ဝယ်လာတာလဲ၊ အရင်ဟာတွေတောင် မကုန်သေးဘူး"

"နေခြည်မှာ မွေးစားညီမလေး ရှိနေတာ မလောက်ဘဲနေမှာ စိုးလို့ "

လွင်မောင်မောင် ပြန်သွား၍ နေခြည်ဦးက ပလတ်စတစ်အိတ်ကိုဆွဲပြီး အခန်းထဲဝင်လာ သည် ။

"ငုဝါရေ ဒီမှာ စားစရာတွေပါတယ် စားဦး"

နေခြည်ဦးလက်က အိတ်ကိုယူပြီး စားပွဲပေါ်တင်လိုက်သည် ။ နေခြည်ဦးကို လှမ်းအကြည့် အပြုံးပန်းတွေ ဝေနေသည် ကို တွေ့ရသည် ။

"ဘာကိုကျေနပ်နေတာလဲ နေခြည်"

"သူဌေးချွေးမ ဖြစ်တော့မှာ လေ"

"ဘယ်လို ပြန်ပြောပါဦး"

"နေခြည် အခုတွဲနေတဲ့ သူက တောင်ငူက သူဌေးသား ကိုလွင်မောင်မောင်လေ၊ သူ ဒီနေ့ တောင်ငူပြန်ပြီး သူ့အဖေကို နေခြည်နဲ့ လက်ထပ်မှာ ပြောမလို့ "

"သူ့ကို တကယ် လက်ထပ်မှာ လား"

"မိဘဖသားပီပီ တောင်းရမ်းပြီး လက်ထပ်မယ်ဆိုရင် လက်ခံမယ် လို့ ပြောပြီးသားလေ၊ ပြီးတော့ သူဌေးသားကိုရမှာ ၊ နေခြည့်ဘဝက ပြီးပြည့်စုံပြီလေ၊ သူ့ကို မချစ်ပေမဲ့ သူနဲ့ တစ်တွဲတည်းရှိ တဲ့ ပိုက်ဆံက ချစ်စရာပဲ ငုဝါရဲ့ "

နေခြည်က အိမ်ထောင်ရေးကို စီးပွားရေးတွက်ကိန်းနှင့် တွက်နေသ ည် ကိုကြည့်ပြီး ငုဝါ စိတ်ညစ်သွားသည် ။

"ငုဝါ"

"ဟင်"

"ဘာတွေ တွေးနေတာလဲ၊ ဝယ်လာတာလေ စားဦးလေ"

ဒံပေါက်နှစ်ဘူး၊ သစ်သီးနှင့် ယိုစုံတို့ ဖြစ်သည် ။

"ဟယ် ... ဒံပေါက်နံ့က မွှေးနေတာပဲ၊ စားကြည့်ရအောင် ငုဝါ"

ငုဝါက ထမင်းပန်းကန် နှစ်ချပ်ကိုယူ လာပြီး ပြင်ဆင်ကာ စားကြသည် ။

***

# အခန်း (၃)

ငုဝါက လခထုတ်လာပါသည် ။ နေခြည်ဦးကို တစ်လှည့်ဝယ်ကျွေးချင်၍ ဝယ်ခြမ်းပြီး အဆောင်ကို ပြန်ခဲ့သည် ။

အဆောင်ပြန်ရောက်တော့ အခန်းတံခါးကတော့ ပွင့်နေသည် ။ ထူးဆန်းနေသည် ။

"ဒီနေ့ နေခြည် စောစောစီးစီး ပြန်ရောက်နေပါလား"

တံခါးက စေ့ရုံစေ့ထား၍ တွန်းဝင်လိုက်သည် ။ မြင်ရသောမြင်ကွင်းက နေခြည်က ခုတင်ပေါ် တွင် မှောက်ကာ ဘေးတွင် လုံးကြေနေသော သတင်းစာကို တွေ့ရသည် ။

"ဟင် ... နေခြည် ဘာဖြစ်လို့ လဲ"

အပြေးလေး အခန်းထဲကိုဝင်ပြီး နေခြည်ကို မေးသည် ။

"သတင်းစာမှာ ဘာပါလို့ လဲ"

"ကိုလွင်မောင်မောင် လက်ထပ်လိုက်ပြီ"

"ဟင် ... ဟုတ်လား၊ ဒီလူ ဘာလုပ်တာလဲ၊ နေခြည့်ကို ရက်စက်လိုက်တာ"

နေခြည်ဦး အနားကပ်လိုက်ပြီး နေခြည်ဦးရဲ့ ကိုယ်လေးကို ဖက်လိုက်သည် ။

"နေခြည် သိပ်ခံစားနေရတာလားဟင်၊ ငုဝါ စိတ်မကောင်းလိုက်တာ
"

"နေခြည် ဝမ်းနည်းတာ မဟုတ်ဘူး ၊ ဒေါသဖြစ်နေတာ၊ သူယောက်ျားပဲ၊ ဒီလောက်တောင် သတ္တိနည်းလား၊ မိဘက စီစဉ်တယ်ပဲ ထား၊ သူချစ်ရချည်ရဲ့ ကြိုက်လှချည်ရဲ့ လို့ ပြောတဲ့ နေခြည်ကို ဒီလိုပဲ လွယ်လွယ်နဲ့ ပယ်လွှတ်ရလား သိပ်ခံပြင်းတာပဲ"

"စိတ်ကိုလျှော့လိုက်ပါ နေခြည်ရယ်၊ နေခြည်နဲ့ ထိုက်တန်တဲ့ လူ တစ်နေ့တွေ့လာမှာ ပါ"

"နေခြည်က သူ့ကို ပိုင်ပြီလို့ တွက်ထားတာ သိပ်အထိနာတာပဲ"

လွှတ်တဲ့ ငါးကြီးနေသည် မို့ ကျိတ်မနိုင်ခဲမရ ဖြစ်နေသော နေခြည်ဦးကိုကြည့်ပြီး ရင်မောနေ သည် ။

မကြာခင်မှာ အဆောင်သူတွေရဲ့ ပြောဆိုကဲ့ရဲ့ သံကို နားမဆံ့အောင် ငုဝါ ကြားရတော့သည် ။

နေခြည်ဦးကတော့ သိပ်မမှုပါ။ တစ်ရက်နှစ်ရက်သာ အလုပ်ကခွင့်ယူပြီး ငြိမ်နေပေမဲ့ နောက်နေ့များ တွင် တော့ ပုံမှန်အတိုင်း သွားလာလုပ်ရှားနေသည် ။

အချိန်ကာလ သိပ်မကြာခင်မှာ ဘဲ နေခြည်ဦးက နောက်ဆုံးနှစ်ဆေးကျောင်းသား တစ်ဦးဖြစ် သော ကိုပြည်စိုးဆိုသူနှင့် တွဲမိသွားပြန်သည် ။

ပြည်စိုးသည် မျိုးရိုးစဉ်ဆက် ချမ်းသာကြွယ်ဝသော မိသားစုမှ ပေါက်ဖွားလာသူ တစ်ဦးဖြစ် ပြီး ငွေကို ရေလိုသုံးနိုင်သည် ။

ကားကောင်းကြီးကိုလည်း တဝီဝီနှင့်စီးနိုင်ပြီး အလွန်စတိုင်ကျလှသည် ။ တစ်နေ့ အလုပ် ကပြန်လာသော ငုဝါ အဆောင်ဂိတ်ဝနားအရော

က်မှာ ပြည့်စိုးရဲ့ ကားက ဆိုက်လာသည် ။

နေခြည်က ကားပေါ်မှ ဆင်းလိုက်သည် ။ ပြည့်စိုးက နေခြည်ဦးကို လှမ်းပြောသည် ။

"နေခြည် မနက် ထွက်မသွားနဲ့ ဦးနော်၊ မောင် လာခေါ်မယ် စောင့်နေ"

"အင်းပါ"

ငုဝါက သူတို့ ကို တစ်ချက်သာလှမ်းကြည့်ပြီး အဆောင်ဆီသို့ လျှောက်လာသည် ။ နေခြည်ဦး က အပြေးအလွှား သူ့နောက်က ပါလာသည် ။

"ငုဝါရယ် နေပါဦး၊ နောက်က ကျားလိုက်နေတာကျနေတာပဲ"

"နေခြည့်ကို အနှောင့်အယှက်ဖြစ်မှာ စိုးလို့ ပါ"

"မောင်နဲ့ ငုဝါကို မိတ်ဆက်ပေးမလို့ ဟာ"

"နေခြည်တို့ နှုတ်ဆက်နေတာ အရှိန်ပျက်သွားမှာ စိုးလို့ လေ"

နေခြည်က အားပါးတရ ရယ်သည် ။ သူ့ကို ကြည့်ရသည် မှာ အလွန်ကျေနပ်အားရပုံ ရနေ သည် ။

နေခြည်ဦးက အခန်းထဲရောက်တော့ စလင်းဘက်ကို စားပွဲပေါ်တင်ပြီး သူလည်း ခုတင်ပေါ် ပစ်လှဲလိုက်သည် ။

"ဘာတွေ ပီတိဖြစ်နေတာလဲ နေခြည်"

"အချစ်ဆိုတာကို နေခြည်ရဲ့ နှလုံးသားထဲမှာ အခုမှ သိရပြီး ခံစားရလို့ လေ"

"အချစ် ဟုတ်လား"

"ဟုတ်တယ်၊ သိပ်ကို နူးညံ့သိမ်မွေ့တဲ့ အချစ်"

ငုဝါ နားကြားများ လွဲသွားလေရော့လား။ နေခြည်ဦးပါးစပ်က အချစ်ဆိုတာ ကြားရတော့ အံ့သြသွားသည် ။

"သိပ်အံ့သြနေလား ငုဝါ၊ အခု နေခြည်က ချစ်တတ်နေပြီ ငုဝါရဲ့ ၊ တကယ်ပြောတာ၊ မောင်က သိပ်ချစ်စရာကောင်းတယ်၊ အခု နေခြည်သိပြီ၊ မောင်နဲ့ အတူတူနေရမယ်ဆိုရင်လေ နေခြည် ဘာကိုမှ မမက်တော့ဘူး၊ ဟိုစကားလိုပေါ့၊ တဲအိုပျက်မှာ နေပြီး ထမင်းရည်အတူလျက်ရလည်း ရတယ်"

ထိုစကားကိုကြားရလို့ ငုဝါ အလွန်ဝမ်းသာကျေနပ်နေသည် ။

"မောင်က သဘောထားလည်း သိပ်ကြီးတာ၊ အရင်က နေခြည် ဘာပဲဖြစ်ခဲ့ခဲ့ အခု သူ့အပေါ် သစ္စာရှိရင် ပြီးရောတဲ့ ၊ စာမေးပွဲဖြေပြီးတာနဲ့ နေခြည့်ကို မိသားဖသားပီပီ လက်ထပ်ယူမှာ တဲ့ "

"ဟုတ်လား"

"အချိန်နာရီတွေကို ကျော်လွှားလို့ ရရင် အခုချက်ချင်းပဲ နေခြည် အဲဒီအချိန်ကို ရောက်သွား ချင်တယ်"

"ကဲ ... ကဲ စိတ်ကူးတွေနဲ့ အရမ်းပျော်မနေနဲ့ ၊ ရေချိုးတော့၊ နေထိုင်မကောင်းရင် ချစ်တဲ့ မောင်နဲ့ မလည်ရဘဲနေဦးမယ်"

"ဟုတ်တယ်၊ နေခြည် မောင်နဲ့ တစ်ရက်မတွေ့ရရင် မနေနိုင်ဘူး၊ လာ အတူတူသွားချိုးမယ်"

ရေချိုးခန်းဆီသို့ လျှောက်လာစဉ် သူတို့ နှစ်ယောက်ကို ကွက်ကြည့် ကွက်ကြည့် တစ်မျိုး ပေါ်တင် တစ်မျိုးကြည့်ပြီး ဝေဖန်နေသည် ကို တွေ့နေရသည် ။ ဒါပေမဲ့ မသိကျိုးကျွန်ပြုနေလိုက်သည် ။

***

# အခန်း (၄)

တစ်ဦးနှင့်တစ်ဦး မျက်စိအောက်က အပျောက်မခံနိုင်အောင် အချစ်ကြီး ချစ်နေကြသူများ မို့ နေခြည်ဦးနှင့် ပြည်စိုးတို့ သည် အခွင့်အရေးရသည် နှင့် ထိုရရှိသော အခွင့်အရေးကို လက်လွတ်မခံဘဲ တပူးတွဲတွဲ ဖြစ်နေကြသည် ။

နေခြည်ဦးက တကယ်ချစ်တတ် လာပြီမို့ ပြည်စိုးကို အစွဲကြီး စွဲနေပါပြီ။ ငုဝါ အပေါ်တွင် တောင် စိတ်ဝင်စားမှု နည်းပါးလာသည် ။

သည် လိုနှင့် အချိန်ကာလကြာမြင့်ခဲ့ပြီး တစ်နေ့ ပြည်စိုးနှင့် ရုပ်ရှင်ကြည့်ပြီး ပြန်အထွက် လူအုပ်ထဲတွင် လုံးဝ မမျှော်လင့်ထားသော စုံတွဲကို တွေ့လိုက်ရသည် ။

"ဟင် ... ငုဝါပါလား"

လူအုပ်ထဲ တိုးဝင်သွားသော ငုဝါကို အပြေးအလွှားလိုက်ကြည့်ရင်း ခေါ်လိုက်သည် ။

"နေခြည် ဘာဖြစ်လို့ လဲ"

"ဟို ... နေခြည်ရဲ့ အခန်းဖော်ကို ယောကျ်ားလေးတစ်ယောက်နဲ့ တွေ့လိုက်ရလို့ "

"သူလည်း ချစ်သူထားတာ ဘာဆန်းလို့ လဲ နေခြည်ရယ်"

ဟုတ်ပါတယ်။ သူ သည် အရွယ် ချစ်သူထားတာ မထူးဆန်းသော်လည်း ပုံစံပြောင်းနေသော ငုဝါက ထူးဆန်းနေသည် ။

ငုဝါရဲ့ ဖြောင့်စင်းသော ဆံပင်တွေ ဘယ်ရောက်ကုန်ပြီလဲ။ ငုဝါရဲ့ ဆံပင်က ကုပ်ဝဲသာသာ ဖြစ်သွားသလို သူ့ရဲ့ ဝတ်စားပုံကလည်း ခေတ်ဆန်နေသည် ။

အဆောင်ပြန်ရောက်တော့ ငုဝါက သူ့ထက် စောရောက်နေသည် ။ ငုဝါက သူဝင်လာသည် ကို မြင်သော်လည်း အကြည့်လွှဲပြီး အဝတ်ခေါက်နေသည် ။

"ငုဝါ ဘယ်တုန်းက ဆံပင်တွေ ဖြတ်လိုက်တာလဲ"

"ဒီနေ့ပဲ"

"ဟိုလူက ဘယ်သူလဲ"

"ငုဝါနဲ့ တွဲပြီးတွေ့တော့ ငုဝါရဲ့ ချစ်သူပေါ့ နေခြည်ရယ်"

"ဟင် ... ဟုတ်လား"

"ငုဝါကို ဘယ်သူက ဒီလိုပြင်ဆင်ခိုင်းတာလဲ၊ ပြီးတော့ ဘယ်တုန်းက ချစ်သူရသွားတာလဲ"

"မကြာသေးပါဘူး၊ သူက ပြင်ဆင်ခိုင်းလို့ ငုဝါ ပြင်ဆင်လိုက်တာလေ"

ငုဝါရဲ့ လေသံက မထီတရီ ရှိနေသည် ကို တွေ့ရသည် ။

"ငုဝါလည်း လှချင်လို့ ပြင်တာ အပြစ်လား"

"အပြစ်မဟုတ်ပါဘူး၊ အရင်ကပုံစံက ရိုးရိုးယဉ်ယဉ်နဲ့ သိပ်ချစ်စရာကောင်းလို့ ပါ၊ ပြီးတော့ အဲဒီလူအကြောင်း ငုဝါ သေသေချာချာ သိရဲ့

လား"

"အဲဒါတွေ ငုဝါ မသိပေမဲ့ သူ ငုဝါကို သိပ်ချစ်တာကိုတော့ သေသေချာချာသိတယ်၊ ငုဝါ လိုချင်တာလည်း အဲဒါပဲလေ၊ ချစ်တဲ့ လူကိုပဲ အိမ်ထောင်ဖက်ရွေးချင်တာ"

"ငုဝါ ရွေးချယ်တဲ့ သူက သစ္စာမဲ့တဲ့ သူဆိုရင်ကော"

"ဒီလောက်တော့ ငုဝါလည်း လူကဲခတ်တတ်ပါတယ်၊ သူ့ကို ငုဝါ သိပ်ချစ်တယ်၊ သိပ်ယုံ တယ်"

"ဘုရား ... ဘုရား ငုဝါ ဘာကိုမှ မမြင်တော့လောက်အောင် အချစ်ဆိပ်တက်နေတာကိုး"

နေခြည်ဦးက မသက်မသာနှင့် တွေးလိုက်သည် ။

"ငုဝါနဲ့ နေခြည်က ခံယူချက်ချင်းမတူကြတော့ ကိုယ့်လမ်းကိုယ်လျှောက်တာ ကောင်းပါတယ်၊ တစ်ယောက်ခန်းလွတ်လို့ ငုဝါ မနက်ဖြန် ပြောင်းတော့မယ်"

"မပြောင်းပါနဲ့ ငုဝါရယ်"

ညီအစ်မရင်းတစ်ယောက်လို သံယောဇဉ်တွယ်နေသော ငုဝါကို မပြောင်းရန် တားသော်လည်း ငုဝါက ပြတ်သားလွန်းသည် ။ သူ့ရဲ့ ချစ်ခင်မှု၊ သံယောဇဉ်တွေကို ပုတ်ခါချခံလိုက်ရ၍ နေခြည် ဝမ်းနည်းသွားသည် ။

နောက်တစ်နေ့ ငုဝါပြောင်းသွားပြီး အခန်းသော့လာပေးသည် ။ ရင်ထဲ ဝမ်းနည်းလွန်း၍ နေခြည်က ဘာစကားမှ မပြောလိုက်ပါ။

အဆောင်က အတင်းပြောသန်ပြီး စာရိတ္တမကောင်းသော အမျိုးသ

မီးနှင့် ငုဝါတွဲနေသည် ကို တွေ့ရပြီး စိတ်မောသည် ။ ညီမတစ်ယောက်လို သံယောဇဉ်ဖြစ်နေသော ငုဝါ ဒုက္ခမတွေ့ပါစေနဲ့ လို့ သာ ဆုတောင်းပေးလိုက်ပါသည် ။

**

ငုဝါတစ်ယောက် အခန်းပြောင်းသွားပြီးနောက် အဆောင်ကနေ ပျောက်သွားသည် ။ နေခြည်က စိတ်ပူသွားပြီး သူ့ဆိုင်ကို သွားမေးတော့ ဆယ်ရက်ခွင့်ယူပြီး နယ်ပြန်သွားသည် ဆိုတာသာ သိရသည် ။

ငုဝါအတွက် နေခြည်ဦးက အလွန်စိတ်ပူနေသည် ။ ငုဝါ တကယ်ပဲ နယ်ပြန်တာမှ ဟုတ်ရဲ့ လား ဟု တွေးသည် ။

နောက်ဆုံး အဖက်မလုပ်ချင်သော အေးအေးသိမ့်ကို သွားမေးရပါတော့သည် ။

"အေးအေးသိမ့်"

"ဘာလဲ နင်နဲ့ စကားမပြောချင်ဘူး"

နေခြည်ကို အေးအေးသိမ့်က ရန်လိုစွာပြောသည် ။

"နေခြည် သိချင်တာလေး ရှိလို့ ပါ၊ ငုဝါ ဘယ်သွားမယ်လို့ ပြောသွားလဲဟင်"

"ဘယ်သိမှာ လဲ၊ သူများကိစ္စ၊ တို့ က မစပ်စုတတ်ဘူး"

အေးအေးသိမ့်က ပြောပြီး လှည့်ထွက်သွားသည် ။

"ဟွန်း ... ဒီမိန်းမသိရက်နဲ့ ငါ့ကို တမင်မပြောတာ၊ ငုဝါကို

ဘာတွေမြှောက်ပင့်ပေးနေ လည်း မသိဘူး၊ ငုဝါအတွက် စိတ်ပူလိုက်တာ၊ ပန်းကောင်း အညွန့်ကျိုးဖြစ်ရင် ဒုက္ခပဲ"

အလွန်စိုးရိမ်ပူပန်စွာ နေခြည်ဦးက တွေးလိုက်သည်။

တစ်ပတ်ခန့်အကြာမှာ ငုဝါ အဆောင်ကို ပြန်လာသည်။ ရေချိုးခန်း အဝင်အထွက်မှာ ငုဝါနှင့် ဆုံ၍ နေခြည်ဦးက ဝမ်းသာအားရ ခေါ်လိုက်သည်။

"ဟယ် ... ငုဝါ ပြန်ရောက်နေပြီလား"

"အင်း"

"ရွာကို ပြန်တာလား"

" မဟုတ်ဘူး ၊ အပျော်ခရီးထွက်တာ"

ငုဝါက တိုတိုတုတ်တုတ်ပြောပြီး နေခြည် ဆက်မမေးနိုင်ခင်မှာ ပဲ ရေချိုးခန်းထဲဝင်ပြီး တံခါး ကိုပိတ်လိုက်သည်။

"ငုဝါ ဘယ်လိုဖြစ်သွားတာလဲ၊ အပြောင်းလဲ မြန်လိုက်တာ"

စိတ်မကောင်းလွန်းစွာနှင့် နေခြည် သူ့အခန်းကို ပြန်လာခဲ့သည်။

သူ့ရဲ့ ခင်မင်တွယ်တာမှုကို ပစ်ပစ်ခါခါလုပ်သော ငုဝါကို မျက်နှာချင်း မဆိုင်ချင်တော့၍ နောက်နေ့များ တွင် မဆုံရလေအောင် ရှောင်နေလိုက်သည်။

***